**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

Website: www.cnfhqr.org Email: cnf.headquarters@gmail.com

## ချင်းအမျိုးသားတပ်ဦး ဥက္ကဋ္ဌပူးဇင်ကျုံးက ပေးပို့သော (၃၃) နှစ်မြောက် ချင်းတော်လှန်ရေးနေ့အထိမ်းအမှတ် သဝဏ်လွှာ

ခရစ်သက္ကရာဇ် ၂၀၂၁ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့

### နှုတ်ခွန်းဆက်

ဒီကနေ့ ၂၀၂၁ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့ဟာ ချင်းအမျိုးသားတို့ရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပြန်လည်ရရှိရေး၊ ဒီမိုကရေစီ စနစ်တည်ဆောက်ရေး နဲ့ အမျိုးသားတန်းတူရေး၊ နိုင်ငံရေးအရတန်းတူမှုရှိပြီး ပြည်နယ်များကို အခြေခံတဲ့ ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး ဆိုတဲ့ ရည်မှန်းချက်အတွက် တိုက်ပွဲဝင်လာခဲ့တဲ့ (၃၃) နှစ်မြောက် ချင်းတော်လှန်ရေး နေ့မြတ်အခါသမယ ဖြစ်ပါတယ်။ တော်လှန်ရေးကာလအတွင်း အသက်ပေးလှူသွားကြတဲ့ အာဇာနည် ရဲဘော်၊ ရဲမေ အပေါင်းတို့အား ဦးညွှတ်အလေးပြုပါတယ်။

### ချင်းအမျိုးသားတပ်ဦး၏ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှု

ချင်းအမျိုးသားတပ်ဦးဟာ ချင်းအမျိုးသားတို့ရဲ့ ရည်မှန်းချက် ရောက်ရှိနိုင်ရေးအတွက် "တွေ့ဆုံဆွေးနွေးအဖြေရှာရေး လမ်းစဉ်" ကို ကိုင်စွဲပြီး နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့်မဖြေရှင်းဘဲ နိုင်ငံရေးနည်းနဲ့ဖြေရှင်းမယ့် နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်ကို ထူထောင်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို လက်မှတ် ရေးထိုးခဲ့ပါတယ်။ ယင်းကဲ့သို့ နိုင်ငံရေးပြဿနာအား တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းဖြင့် အဖြေရှာရန် ကြိုးပမ်းနေစဉ် တပ်မတော်မှ လက်နက်အားကိုးဖြင့် တိုင်းပြည်ရဲ့အာဏာအရပ်ရပ်အား ရယူခဲ့သဖြင့် နိုင်ငံရေးဆွေးနွေးပွဲများ ရပ်တန့်သွားခဲ့ရပြီး ပြည်သူလူထုတရပ်လုံး၏ ဆန့်ကျင်ကန့်ကွက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာခဲ့ပါတယ်။ တပ်မတော်အနေဖြင့် ၎င်းတို့ ကိုယ်တိုင်လိုက်နာဖို့ လက်မှတ်ထိုးခဲ့တဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ တွေ့ဆုံဆွေးနွေး အဖြေရှာဖို့ ပျက်ကွက်ခဲ့ပါတယ်။ နုနယ်သေးတဲ့ ဒီမိုကရေစီ အပြောင်းအလဲဟာလည်းပဲ ပျက်ကွယ်သွားခဲ့ရပါတယ်။ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများလည်း ဆုံးရှုံးခဲ့ကြရပါတယ်။ ဒါကြောင့် ချင်းအမျိုးသားတပ်ဦးအနေနဲ့ လက်ရှိနိုင်ငံရေး အကျပ်အတည်းအပေါ် မြန်မာ့တပ်မတော်မှအင်အားသုံးပြီး အာဏာသိမ်းယူတဲ့နည်းလမ်းနဲ့ဖြေရှင်းခြင်းကို ဆန့်ကျင်ကန့်ကွက်ကြောင်း ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး

Chin National Front – General Headquarters, Chinland

အဖွဲ့အစည်းများအကြား ချုပ်ဆိုခဲ့တဲ့ NCA စာချုပ်အရ နိုင်ငံရေးဆွေးနွေးမှုတွေကို လုပ်ဆောင်နေခြင်းဖြစ်တဲ့အတွက် လက်ရှိကာလမှာ အာဏာသိမ်းစစ်ကောင်စီနဲ့ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများကို ရပ်ဆိုင်းထားခဲ့ပြီးဖြစ်ပါတယ်။

## လက်ရှိနိုင်ငံရေးလှုပ်ရှားမှုများအပေါ်တုန့်ပြန်မှု

လက်ရှိနိုင်ငံရေးအခင်းအကျင်းဖြစ်တဲ့ မတရားသောအာဏာဖီဆန်ရေး လူထုလှုပ်ရှားမှု(CDM)ဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်း ရွေးကောက်ပွဲအနိုင်ရပါတီအားအာဏာလွှဲပြောင်းပေးရေး မဟုတ်တော့ဘဲ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖျက်သိမ်းရေး နဲ့ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေးသို့ ဦးတည်နေပြီဖြစ်ပါတယ်။ ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီများရဲ့ အဓိကလုပ်ဆောင်မည့်ရည်မှန်းချက်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး (သို့) အသစ် ရေးဆွဲရေးဖြစ်ခဲ့ပြီး NCA လမ်းကြောင်းမှ အပြောင်းအလဲကြိုးပမ်းသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအနေဖြင့်လည်း ပြည်ထောင်စုသဘောတူစာချုပ်မှတဆင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဖြစ်ခဲ့ပါတယ်။ ဒီကနေ့ လူထုလှုပ်ရှားမှုရဲ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ ၂၀၀၈ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖျက်သိမ်းရေးဟာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးလိုလားနေတဲ့ အချက်ဖြစ်ပါတယ်။ ဒါကြောင့် ချင်းအမျိုးသားတပ်ဦးအနေနဲ့လည်း ဒီလူထုလှုပ်ရှားမှုကို အပြည့်အဝ ထောက်ခံပြီး လိုအပ်သော ပံ့ပိုးမှုများလည်း လုပ်ဆောင်လျက်ရှိပါတယ်။

## ချင်းတစ်မျိုးသားလုံးပါဝင်ရေးမှ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးဆီသို့

ချင်းပြည်သူများရဲ့ယနေ့ကြုံတွေ့နေရတဲ့ ပြဿနာနှစ်ရပ်ကတော့ တိုင်းရင်းသားလူမျိုးများအကြား တန်းတူညီမျှမှုမရှိတဲ့ ပြဿနာ နဲ့ ဒီမိုကရေစီ ဆိတ်သုဉ်းတဲ့ပြဿနာတွေဘဲဖြစ်ပါတယ်။ ယင်းပြဿနာများဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေက မဖြေရှင်းပေးနိုင်သလို နိုင်ငံရေးဆွေးနွေးပွဲများကရရှိလာတဲ့ ပြည်ထောင်စုသဘောတူစာချုပ်ကလဲ မဖြေရှင်းနိုင်တာတွေ့ရပါတယ်။ ယခုဆိုလျှင် ချင်းအမျိုးသားတို့လိုလားတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပြန်လည်ရရှိရေး၊ ဒီမိုကရေစီရေးတွေဟာ ပိုမိုအလှမ်းဝေးကွာလျက်ရှိတာ မိမိတို့အားလုံး သတိမူမိကြမှာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ပြည်ထောင်စုဟာ ပင်လုံစာချုပ်အရ ပေါ်ပေါက်လာတာဖြစ်တယ်ဆိုတာကို လက်ခံခြင်းမရှိခဲ့ဘဲ အင်္ဂလိပ် ကိုလိုနီမဖြစ်ခင် ကိုယ့်မင်းကိုယ့်ချင်း ဘဝကတည်းက တိုင်းရင်းသားအားလုံး အတူပေါင်းစည်းနေထိုင်တဲ့ပြည်ထောင်စုစနစ် (Holding Together Federalism) ကို ကျင့်သုံးခဲ့တဲ့ မိသားစုနိုင်ငံတခုဖြစ်တယ်လို့ တွင်တွင်ပြောနေတာဖြစ်တယ်။ တစ်နည်းအားဖြင့် မိမိတို့ အမျိုးသားများရဲ့ အမျိုးသားတစ်ရပ်အဖြစ်ရပ်တည်ခဲ့မှုကို အသိအမှတ်မပြုဘဲ လူမျိုးတစ်မျိုးတည်းဖြစ်သွားအောင် စီမံလုပ်ဆောင်နေခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ချင်းအမျိုးသားများရှင်သန်ရပ်တည်ရေးကို ခြိမ်းခြောက်လျက်ရှိတဲ့ စစ်အာဏာရှင်စနစ်ကို တစ်မျိုးသားလုံး ဝိုင်းဝန်းတိုက်ထုတ်ကြရမယ့်အချိန်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများ

အားလုံး လူမျိုးရေးအရသော်ငှင်း၊ နိုင်ငံရေးအရသော်ငှင်း တန်းတူညီမျှမှုရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မှသာလျှင် တိုင်းရင်းသားလူမျိုးများရပ်တည်ရှင်သန်နိုင်ကြမှာဖြစ်ပြီး ငြိမ်းချမ်းသာယာဝပြောတဲ့ အနာဂတ်ကို ပိုင်ဆိုင်နိုင်ကြမှာဖြစ်ပါတယ်။

## ချင်းတစ်မျိုးသားလုံးစည်းလုံးညီညွတ်ရေး

မိမိတို့ချင်းလူမျိုးများရှင်သန်ရပ်တည်ရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရတဲ့အချိန်အခါဖြစ်သည့်အားလျော်စွာ အမျိုးသား စည်းလုံးညီညွတ်ရေးဟာ အထူးလိုအပ်နေတာဖြစ်ပါတယ်။ ကမ္ဘာမှာ အကောင်းဆုံးလက်နက်ဟာ စည်းလုံးခြင်း လက်နက်ဘဲ ဖြစ်ပါတယ်။ အတူတကွ မိမိတို့ရန်သူကို စည်းစည်းလုံးလုံးတော်လှန်ရမည့် အချိန်အခါဖြစ်ပါတယ်။ ထို့ကြောင့် စည်းလုံးညီ ညွတ်ရေးတည်ဆောက်နိုင်ဖို့ မိမိတို့ အမြဲကြိုးစားဆောင်ရွက် ကြရန်လိုအပ်သလို အတူအကွ လက်တွဲဆောင်ရွက်ကြဖို့လည်း အထူးလိုအပ်နေပြီဖြစ်ပါတယ်။ ချင်းအမျိုးသား လှုပ်ရှားမှုမှာ ချင်းတစ်မျိုးသားလုံးပါဝင် လက်တွဲကြဖို့ အလေးအနက် တိုက်တွန်း နှိုးဆော်လိုပါတယ်။

## နိဂုံး

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ပြည်တွင်းအပါအဝင် တစ်ကမ္ဘာလုံးမှာရှိတဲ့ ချင်းအမျိုးသားများအနေနဲ့ မိမိတို့ တတ်နိုင်သည့်ဖက်မှ အမျိုးသားရေးတာဝန်ကို ဝိုင်းဝန်းထမ်းဆောင်ပေးကြပါ။ စစ်အာဏာရှင်စနစ် ကျဆုံးသည်အထိ အတူတကွတိုက်ပွဲဝင်ကြပါ။ ချင်းအမျိုးသားများလိုလားသည့် နိုင်ငံရေးရည်မှန်းချက်ပန်းတိုင် ရောက်ရှိသည်အထိ အတူတကွ ချီတက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါတယ်။